ကြိုးကြာချောင်ကြီးကျေးရွာ

ကျောင်းကုန်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြိုးကြာချောင်ကြီးကျေးရွာ၊ ကျောင်းကုန်းမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်မှ
ကူညီရေးဆွဲသည်။

၂၀၂၂ ခုနှစ်၊ လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကြိုးကြာချောင်ကြီးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ကျောင်းကုန်းမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၂၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၂၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၈ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို

မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြိုးကြာချောင်ကြီးကျေးရွာ

ကျောင်းကုန်းမြို့နယ်

ကျောင်းကုန်းမြို့နယ်၊ ကြိုးကြာချောင်ကြီးကျေးရွာ သယံဇာတပြမြေပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကြိုးကြာချောင်ကြီးကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်း မြို့နယ်၏ပန်းတောရိုးကျေးရွာအုပ်စုအတွင်းတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကညင်ကုန်းကျေးရွာအနောက်ဘက်တွင် ကြာဂရက်ကျေးရွာတို့နှင့် ကျေးရွာချင်းဆက်စပ် လျက်တည်ရှိပါသည်။အနောက်ဘက်တွင ်ပုသိမ်၊ရန်ကုန်အဝေးပြေး လမ်းမကြီးပေါ်တွင်တည်ရှိပါသည်။ ကျေးရွာတွင် ဗမာ၊ကရင်၊မွတ်စလင်လူမျိုးများ နေထိုင်ကြပြီးမွတ်စလင်လူမျိုးမှာ လူနည်းစုဖြစ်ပါသည်။ ကျေးရွာ၏တောင်ဘက်နှင့် မြောက်ဘက်တို့တွင် လယ်ကွင်းပြင်များနှင့် စိမ်းလန်းစိုပြေနေပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု **ရှိပါသည်။** စိုက်ပျိုးမြေ ဧရိယာမှာ လယ်မြေ(၄၅၃.၁၉)ဧကနှင့် ဥယျာဉ်ခြံမြေ (၁၀.၈၄)ဧကနှင့် စုစုပေါင်း(၄၆၄.၀၃.၁၉)ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီး

ဟင်းရွက်ပင်များကို အနည်းငယ် စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့(ကျား-၂၌း)၊ အုပ်ချုပ်ရေးအဖွဲ့(ကျား-၁၀၌း)သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကာလသား၊ ကာလသမီး အဖွဲ့(ကျား-၃၀၌း၊မ-၂၅၌း)သည်ကျေးရွာ၏ သာသာနာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်ကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့(မ-၂၌း)၊မိခင်နှင့်ကလေးစောင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍာ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။ ဓမ္မစကြာဝတ်အဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ သာသာနာရေး၊ လူမှုဖွံ့ဖြိုးရေးစသည့်အပိုင်းတို့တွင် ပါဝင် ဆောင်ရွက်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့စုစည်းညီညာစွာဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ကြိုးကြာချောင်ကြီးကျေးရွာအတွင်းတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကြိုးကြာချောင်ကြီးကျေးရွာတွင် ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၅၀)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ဧကကြား တောင်သူငယ် (၂၀)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြား တောင်သူလတ် (၁၈)အိမ်ထောင်စု၊ ၁၂.၅ဧကအထက် တောင်သူကြီး (၁၂)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးနှင့်ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်မကရှိပြီး အများစုသည်နေ့စားကျပန်းနှင့် ပြည်တွင်းရှိအခြားမြို့ကြီးများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး နွေရာသီတွင် အချို့သောလယ်ကွက်များသည် ဆည်ရေကို

အသုံးပြုကြပြီး ဆည်ရေမှာတစ်နှစ်ပတ်လုံးမရရှိသောကြောင့် ရေလုံလောက်မှု နည်းပါးပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှတင်း(၅၀)သာ ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၃၃)စီးရှိပြီး၊ ရေစုပ်စက်(၇၆)လုံးရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်၊ ခြွေလှေစက်များဖြင့်လည်း စုပေါင်းလုပ်ကိုင်နေကြရပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာတို့ကို အသုံးပြုပါသည်။ သီးနှံ မျိုးစေ့များ ကိုလည်းမြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးများ ကျရောက်ပါသည်။ ထို့အပြင် မိုးကြိုးသည့် အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေများနံဘေးရှိ ရိုးချောင်းကို ပြန်လည်တူးဖော်လိုကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁) အိမ်ရှိပြီး နွားကောင်ရေ (၆) ကောင်၊ အိမ်ထောင်စု (၅၀) အိမ်မှ ဝက် (၁၂၀) ကောင်၊ အိမ်ထောင်စု (၆၈) အိမ်မှ ကြက် (၈၀၇) ကောင်၊ အိမ်ထောင်စု (၁၀) အိမ်မှ ဘဲ (၅၀) ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် ကျောင်းကုန်းမြို့မစျေးနှင့် နီးသောကြောင့် တစ်ပိုင်တစ်နိုင် ကုန်စုံဆိုင်များ၊ စက်ပစ္စည်းဆိုင်များ ဖွင့်လှစ်ရောင်းချသော အိမ်ထောင်စုများ ရှိပါသည်။ ထို့အပြင် လက်သမား၊ ပန်းရံလုပ်ငန်းတို့ဖြင့်လည်း အသက်မွေးဝမ်းကျောင်း လုပ်ကိုင်

နေကြသော အိမ်ထောင်စုအနည်းငယ်လည်း ရှိပါသည်။ ကျေးရွာတွင် အခြားအသက်မွေး လုပ်ကိုင်နေကြသော မိသားစုများသည် အသက်မွေး ဝမ်းကျောင်းနည်းပညာနှင့် အသေးစား၊ အလတ်စား စီးပွားရေးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်း ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြား ဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သား အင်အားရှားပါးပါသည်။ လယ်ယာ သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ စိုက်ပျိုး မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများ ရရှိရန်လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ စက်ဘီး (၅၂) စီး၊ မော်တော်ဆိုင်ကယ်(၆၁) စီး၊ ထော်လာကျီ (၁၄) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်းမှာ ရွာသူရွာသားများစုပေါင်း၍ မြေရောကျောက် အနည်းငယ်ခင်းထားနိုင်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာလည်း ကျောက်ခဲလမ်းသာ ခင်းထားပြီး နှစ်ကာလကြာနေပြီဖြစ်သောကြောင့် မိုးတွင်းအခါတွင် ချို့ငွဲများ၊ချောက်များ ဖြစ်လေ့ရှိပါသည်။ ၎င်းလမ်းအား ပြုပြင်ရန်လိုအပ်နေပါသည်။ ရွာတွင်းရှိမြေသားလမ်းများ

မှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များ ဖြစ်ကာ သွားရေးလာရေး အဆင်မပြေမှုများ ရှိနေပါသည်။

ကြိုးကြာချောင်ကြီး ကျေးရွာအတွင်းရှိ လမ်းများမှာလည်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေပြွန်များဖောက်လုပ်ရန်လိုအပ်နေပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးမှာလည်း ကားများ၊ ထော်လာကျီများ အဆက်မပြတ်သွားနေကြခြင်းကြောင့် ပျက်စီးမှုများ များနေပြီဖြစ်သောကြောင့် ပြုပြင်ရန်လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်း၍ အသုံးမပြုနိုင်သေးပါ။ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲနေကြသော အိမ်ထောင်စုများသာရှိပြီး၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေကြသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု(၂၀)စု ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်နှင့် ကျောင်းသား၊ ကျောင်းသူများ စာကြည့်ရန်အတွက် လျှပ်စစ်မီးသွယ်တန်းရန် လိုအပ်နေပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကြိုးကြာချောင်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၉၂) လုံး၊ ရေဒီယို (၃၆) လုံး၊ တီဗွီ (၁၄) လုံး၊ ဂြိုလ်တုစလောင်း (၇) လုံး စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီ၊ တယ်လီနောဖုန်းတာဝါတိုင်များလည်း ရွာအနီးပတ်ဝန်းကျင်တွင် ရှိနေသောကြောင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာပိုင် ကြိုးကြာချောင်ကြီးကျေးရွာ မူတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး ကျောင်းကုန်းမြို့နှင့်နီးသောကြောင့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များကို ကျောင်းကုန်းမြို့တွင် ဆက်လက်၍ ပညာသင်ယူကြရပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား၊ ကျောင်းသူအနည်းငယ်လည်းရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင်တစ်ခုသာရှိပြီး ကျေးရွာအတွင်းရှိ ကျောင်းသားများသာမက အခြားနီးစပ်ရာ ကျေးရွာများရှိကျောင်းသား၊ ကျောင်းသူများပါ လာရောက်ပညာသင်ကြားနေကြသဖြင့် **KG** ကျောင်းဆောင်သစ်တစ်ဆောင် လိုအပ်နေပါသည်။ လက်ရှိကျောင်းဆောင်

မှာ အမိုးတံစက်မြိတ်မပါရှိသဖြင့် မိုးတွင်းကာလများတွင် မိုးပက်သောကြောင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲများရှိနေပါသည်။ ကျောင်းသုံးပရိဘောဂများမှာလည်း လုံလောက်မှုမရှိပါ။ ကလေးများ လုံခြုံစွာပညာသင်ကြားနိုင်ရန် ပျက်စီးနေသော ကျောင်းခြံစည်းရိုးများအား ပြုပြင်ရန်လိုအပ်နေပါသည်။ ကျောင်းဝန်းအတွင်းရှိ ရေတုံကင်မှာ လည်း လွန်ခဲ့သော (၄)နှစ်ခန့်က တူးဖော်ခဲ့ခြင်းကြောင့် ယခုအခါတွင် ပျက်စီးနေပြီဖြစ်၍ ရေတွင်းအားပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းတက်နေသော ကလေးများ သန့်ရှင်းသောသောက်သုံးရေသောက်သုံးနိုင်ရန်အတွက် ရေသန့်တွင်းနှင့် ရေစည်ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၀) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၅) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၀) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၅.၂) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း လိုအပ်သည့် ကာကွယ်ဆေးများအား နှစ်စဉ်နှစ်တိုင်းထိုးပေးလျက်ရှိပြီး၊ ၂၀၂၁ခုနှစ် ဇူလိုင်လမှ စတင်၍ ကလေး၊ လူကြီး၊ ကျား-မ မရွေး **Covid-19** ရောဂါကာကွယ်ဆေးများကိုလည်း လစဉ်အလိုက် ထိုးနှံပေးခဲ့ပါသည်။ ကျေရွာအုပ်စုအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသည့်အပြင် ကုတင်နဖူ့ ဆေးဝါး အလုံအလောက်ရှိပါသည်။ ကျောင်းကုန်းမြို့နှင့် နီးပြီး အလွယ်တကူ သွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် ကျောင်းကုန်းမြို့နယ် ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထား အသုံးပြုကြသော်လည်း၊ သောက်သုံးရေများမှာ ရေဝါများပါဝင်သဖြင့် ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့်

အိမ်ထောင်စုအများအပြားရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုသည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကြိုးကြာချောင်ကြီးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် ကြုံတွေ့ရသည့်အခါ အခြားအိမ်ထောင်စု များထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

မိုးရာသီတွင် ၄က်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တီဘီရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ဝက်တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကြိုးကြာချောင်ကြီးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှု များ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာ အသိပညာ များ အားနည်း ကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ပန်းတောရိုး			ကျေးရွာအမည် - ကြိုးကြာချောင်ကြီး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်းအား အုတ်ဘောင်ခတ်မြေရောကျောက်ခင်းခြင်း	
၂	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းတူးဖော်ခြင်း	
၃	အခြေခံအဆောက်အဦ	သောက်သုံးရေ	ကျေးရွာတွင်း အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်ခြင်း	
၄	စိုက်ပျိုးရေ	ဆည်မြောင်း၊ ရေထုတ်မြောင်း	လယ်ယာမြေများအတွက် ရေသွင်းရေထုတ်မြောင်းဖောက်လုပ်ပေးခြင်း	
၅	လျှပ်စစ်	မဟာဓာတ်အားလိုင်း	ကျေးရွာတွင်းလျှပ်စစ်မီးသွယ်တန်းခြင်း	

ကြိုးကြာချောင်ကြီးကျေးရွာ၊ ပန်းတောရိုးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှသောင်း	ဦးအေးမောင်	၁၄/ကကန(နိုင်) ၀၂၄၁၁၆	၇၁	ဥက္ကဋ္ဌ	၀၉- ၆၇၈၄၁၈၇၉၁
၂	ဦးချစ်ဆန်းအောင်	ဦးမြင့်ရွှေ	၁၄/ကကန(နိုင်) ၁၀၁၂၉၂	၃၇	အတွင်းရေးမှူး	၀၉- ၆၇၉၂၉၁၀၅၂
၃	ဦးလှထွန်း	ဦးအေးသိန်း	၁၄/ကကန(နိုင်) ၀၈၀၄၁၃	၄၂	ဘဏ္ဍာရေးမှူး	၀၉- ၆၈၆၅၉၃၄၈၆
၄	ဒေါ်အေးမို့မို့အောင်	ဦးအောင်ကျော်ဆင့်	၁၄/ကကန(နိုင်) ၁၄၃၈၆၂	၂၆	စာရင်းကိုင်	၀၉- ၆၆၃၁၈၈၂၈၀
၅	ဦးကျော်ဝင်း	ဦးသောင်းစိန်	-	၅၈	အဖွဲ့ဝင်	-
၆	ဦးစိုးသန်း	ဦးထွန်းရှိန်	၁၄/ကကန(နိုင်) ၀၉၂၅၂၇	၆၂	အဖွဲ့ဝင်	-
၇	ဦးကိုအေး	ဦးကံလှ	၁၄/ကကန(နိုင်) ၀၂၄၁၉၉	၆၆	အဖွဲ့ဝင်	-
၈	ဒေါ်စန်းဌေး	ဦးကိုထွန်း	-	၅၁	အဖွဲ့ဝင်	၀၉- ၉၂၆၄၅၈၂၉၂
၉	ဒေါ်အေးနန်းစိုး	ဦးအေးမြင့်	၁၄/ကကန(နိုင်) ၁၁၄၁၀၄	၄၃	အဖွဲ့ဝင်	-
၁၀	ဒေါ်စန်းစန်းဌေး	ဦးကံတိုး	၁၄/ကကန(နိုင်) ၁၂၉၆၂၂	၃၇	အဖွဲ့ဝင်	-
၁၁	ဒေါ်နွယ်လေး	ဦးသိန်းအောင်	၁၄/ကကန(နိုင်) ၁၁၄၁၀၁	၃၇	အဖွဲ့ဝင်	-
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစု ပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	**နို့စို့အရွယ်**	၁	၁	၂	၃	၄
၁ နှစ်မှ ၄ နှစ်	**၅ နှစ်အောက်ကလေးငယ်**	၁၄	၁၁	၂၅		
၅ နှစ်မှ ၉ နှစ်	**မူလတန်းကျောင်းသား အရွယ်**	၁၇	၁၆	၃၃		
၁၀ နှစ်မှ ၁၄ နှစ်	**အလယ်တန်းကျောင်းသား အရွယ်**	၁၃	၁၃	၂၆		
၁၅ နှစ်မှ ၆၄ နှစ်	**အလုပ်လုပ်နိုင်သည့်အရွယ်**	၁၀၇	၁၂၅	၂၃၂		
၆၅ နှစ် နှင့် အထက်	**သက်ကြီးရွယ်ကြီး**	၁၃	၁၅	၂၈		
စုစုပေါင်း		**၁၆၅**	၁၈၁	၃၄၆	၃	၄
စုစုပေါင်း အိမ်ထောင်စု		၁၀၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ် ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။.....

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (**မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။**)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	၅၁	၁၄၀		၇၂	၆၈		မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်							မြင့်□ လတ်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (**မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခု</u>ကို<u>သာ</u>ရွေးရန်။**)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	သမား / ဝန်ထမ်း							**နိမ့် □**
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့် □ လတ် □ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့် □ လတ် □ နိမ့် □**
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့် □ လတ် □ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့် □ လတ် □ နိမ့် □**
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့် □ လတ် □ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့် □ လတ် □ နိမ့် □**
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့် □ လတ် □ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့် □ လတ် □ နိမ့် □**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (**မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခု</u>ကို<u>သာ</u>ရွေးရန်။**)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
၁၀	ကျွမ်းကျင်ပညာရှင်များ **(**ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်**)**							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□နိမ့် □**
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (**မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u>ရွေးရန်။**)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား / ဝန်ထမ်း	၁	၃		၁	၂		**မြင့်□ လတ်✓ နိမ့် □**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (**မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခု</u>ကို<u>သာ</u>ရွေးရန်။**)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့်□**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့်□**
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့်□**
	အလုပ်သမား / ဝန်ထမ်း							**မြင့်□ လတ်□ နိမ့်□**
၂၀	အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၈	၁၄၃		၆၄	၇၉		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့်□**
	အလုပ်သ							**မြင့်□ လတ်□**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (**မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။**)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	များ / ဝန်ထမ်း							**နိမ့် □**
	စုစုပေါင်း	**၁၀၀**	**၂၈၆**		**၁၃၇**	**၁၄၉**		**☒**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင်** **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်း **ကောက်ယူခြင်း မပြုရပါ။** "ရပ်တည်နိုင်မှု **(နိမ့်၊လတ်၊မြင့်)"** **ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ** (**သို့မဟုတ်**) **အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ** -"စိုက်ပျိုးရေး" **ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင် ရပ်တည်နိုင်မှု** "မြင့်" **ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။**

လေ့လာတွေ့ရှိချက်။ ။.....

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား **(၃)** လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	**လယ်ယာစိုက်ပျိုးရေး**	**နေ့စား**	၅၀၀၀	**၄၀၀၀**	**၄၀၀၀**	**၃၀၀၀**
၂	**တိရစ္ဆာန်မွေးမြူရေး**	**နေ့စား**				
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)**	**နေ့စား**				
၄	**သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**	**နေ့စား**				
၅	**ထုတ်ကုန်လုပ်ငန်း**	**နေ့စား**				
၆	**ဆောက်လုပ်ရေး၊ လက်သမား၊**	**နေ့စား**	၁၀၀၀၀	၇၀၀၀	၇၀၀၀	၅၀၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ပန်းရံလုပ်ငန်း					
၇	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**	**နေ့စား**	၁၀၀၀၀		၇၀၀၀	
၈	**လက်လီ-လက်ကား ရောင်းဝယ်ရေး**	**နေ့စား**				
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)**	**နေ့စား**				
၁၀	**ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း**	**နေ့စား**				

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။.....

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား **(၄)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်)**		
လယ်မြေ	၄၅၃.၁၉	**ကောင်း** ☐	**သင့်**✓	**ညံ့** ☐
ယာမြေ / တောင်ယာမြေ		**ကောင်း** ☐	**သင့်**☐	**ညံ့** ☐
ဥယျာဉ်ခြံမြေ	**၁၀.၈၄**	**ကောင်း** ☐	**သင့်**☐	**ညံ့** ☐
ကိုင်း/ကျွန်းမြေ		**ကောင်း** ☐	**သင့်**☐	**ညံ့** ☐
ခနီတောမြေ		**ကောင်း** ☐	**သင့်**☐	**ညံ့** ☐
စားကျက်မြေ		**ကောင်း** ☐	**သင့်**☐	**ညံ့** ☐
မြေလွတ်မြေလပ်		**ကောင်း** ☐	**သင့်**☐	**ညံ့** ☐
စုစုပေါင်း	၄၆၄.၀၃	☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်

မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။.....

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင် မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင် များ)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်✓ နည်း ☐ မရှိ ☐	☒	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊ မြစ်၊ စိမ့်စမ်း)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။.....

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန် ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန် ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု- ၁၀၀	၅	၈	၂၂	၇၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လ ကြား ဝမ်းစာဖူလုံမှု	၃၁		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃၁ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။.....

.....

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့် အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေဇယား

(၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု		✓			✓	
၂	လျှပ်တပြတ်ရေကြီးခြင်း		✓			✓	
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓					✓
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓			✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✓			✓	
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ	✓					✓
၂၂	တီဘီရောဂါ	✓					✓
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓					✓
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✓			✓	
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊ မိုးခေါင်ခြင်း

စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။။

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စုဝင်ဟုတ်/မဟုတ်အိမ်ထောင်စု – လတ်

အိမ်ထောင်စုဝင်ဟုတ်/မဟုတ်အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။.....

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓				✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓				✓	
၃	ဆင်းရဲသားတောင်သူ		✓			✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ တွင်နေထိုင်သူ	✓					✓
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင် သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများ သောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓			✓	
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					✓
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓					✓

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သော အခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။.....

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၂		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၃		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၄		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။.....

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား **(၁၂)** ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လ မ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန ၏

သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။.....

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၅၃		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၅		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၈		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၂		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁၂		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၀၀		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။.....

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်း မြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)

ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။.....

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း	သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)

		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ	ရွေးရန်)		
မိုးစပါး	၄၆၄.၀၃	တင်း	၅၀	၈၀	၆၀	ဖွဲနှံ	အောက်တိုဘာ	မြင့်□ လတ်✓နိမ့်□	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□
								မြင့်□ လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				၅၆
လက်တွန်းထွန်စက်	၃၃			၂၃
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့ စက်				၅၆
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၃			
ရေစုပ်စက်	၇၆			၁၃
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၂၇			၃၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ✓မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်✓မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✓မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်□မဖြေဆိုပါ✓
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ဝယ်ယူရနိုင်သည်□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်□မဖြေဆိုပါ✓
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ရနိုင်သည်□မဖြေဆိုပါ✓
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်✓ မထိခိုက်ပါ □ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)

သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။.....

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁ဂနှင့်၁ဈကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်□မဖြေဆိုပါ✓
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□ လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်✓ ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ✓
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ□ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ□မဖြေဆိုပါ✓
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□အသင့်အတင့်ကျ✓အနည်းငယ်□မဖြေဆိုပါ□
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ် များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။.....

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေ သောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁	၆
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၅၀	၁၂၀
ကြက်	၆၈	၈၀၇
ဘဲ	၁၀	၅၀
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

